ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဩဝါဒတော်များကို နာယူ မှတ်သားခြင်းဖြင့် မြတ်စွာဘုရားသာသနာတော်ကို ပိုမိုသိရှိနားလည်လျက် ဝိုင်းဝန်း စောင့်ရှောက်နိုင်ကြပေလိမ့်မည်။
(၆)



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည် ဆရာတော်ဘုရားကြီး

ပေးအပ်တော်မူခဲ့သော

# သြဝါဒဓမ္မအစမွ

-၁၆၂၆-

ဝပ္ပဒါန

သာသနာ—၂၅၂၇။ ကောဇာ—၁၃၄၅။ ခရစ်—၁၉၈၃။

ကထိန်ခင်းမည့်နေ့

# ကထိန်ခြင်းရာ ဩဝါဒကထာ

ကထိန်ဆိုတာကတော့ နှစ်တိုင်းနှစ်တိုင်း ကျောင်းတွေမှာ ခင်းနေကြတာဖြစ်လို့မို့ ဗဟုသုတရှိပြီးသား ပုဂ္ဂိုလ်တွေ များပါလိမ့်မယ်၊ ကထိန်ရယ်, သိမ်ရယ်ဆိုတာတွေဟာ ပြောစရာ ပြုစရာအင်မတန်များတာပဲ၊ ဒါပေမယ်လို့ ပြောစရာ များသလောက်ကို ပြောနေလို့ မဖြစ်သေးဘူး၊ ဒီမှာ သင့်တော်ရုံ အများအားဖြင့် ဆောင်ရွက်နေကျ, ခင်းနေကျလောက်ကိုသာ ပြောရမှာပဲ။

ကထိန်သင်္ကန်းကို ဒါယကာက လှူတဲ့အခါမှာ ပုဂ္ဂိုလ်ကိုရည်စူးပြီး ပုဂ္ဂလိက မလှူကောင်းဘူး၊ သံဃာကို လှူရတယ်၊ ပုရိမဝါမှ ကောင်းစွာထတဲ့ ပုရိမဝါသား ရဟန်းများကိုသာ လှူရတယ်၊ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှာ ဝါကပ်ပြီး သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုကြတဲ့ ရဟန်း သံဃာတွေကို ပုရိမဝါမှ ကောင်းစွာထတဲ့ ပုဂ္ဂိုလ်လို့ ဆိုရတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေသာ ကထိန်ခင်းထိုက်တယ်၊ ဝါခေါင်လပြည့်ကျော် ၁-ရက်နေ့မှာ ဒုတိယဝါကပ်တဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင် အဲဒါ ကထိန်ခင်းခွင့်မရတော့ဘူး။

ကထိန်သင်္ကန်းကို လှူစဉ်က သံဃာကို လှူတာဖြစ်ပေမယ်လို့ ခင်းတဲ့အခါကျတော့ သံဃာများကရွေးပြီး ခင်းသင့်တဲ့ ပုဂ္ဂိုလ်ကိုပေးပြီး ခင်းကြရတယ်၊ ခင်းသင့်တဲ့ပုဂ္ဂိုလ်ဆိုတာကလဲ သင်္ကန်းနွမ်းပါးတဲ့ပုဂ္ဂိုလ်, အဲဒီလို နွမ်းပါးတဲ့ ပုဂ္ဂိုလ်မရှိယင် အဲဒီကျောင်းမှာရှိတဲ့ မထေရ်ကြီး, အဲဒီမထေရ်ကြီးဟာ ခင်းသင့်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ ပြီးတော့ ကထိန်ခင်းမယ့်ပုဂ္ဂိုလ်

ဟာ သိသင့်သိထိုက်တဲ့ အင်္ဂါရှစ်ပါးရှိတယ်၊ အဲဒီ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံစေရတယ်၊ မပြည့်စုံလို့ရှိယင်လဲ သိတဲ့ပုဂ္ဂိုလ်က ပြည့်စုံအောင် သင်ပြပေးယင်ရတာပါပဲ။

ပေးသင့်တဲ့ပုဂ္ဂိုလ်ကို သင်္ကန်းပေးတဲ့အခါမှာ စတုဝဂ္ဂ (အနည်းဆုံးလေးပါးရှိတဲ့) သံဃာနဲ့ သိမ်ထဲမှာသွားပြီးတော့ ဉတ္တိဒုတိယကမ္မဝါစာနဲ့ ပေးရတယ်၊ကထိနာရဟပုဂ္ဂိုလ်ပါဆိုယင် ငါးပါးပေါ့၊ ဒီလို ပေးပြီးတဲ့အခါကာလမှာ ခင်းမယ့်သင်္ကန်းက ကိုယ်ဝတ်သင်းပိုင်ဖြစ်လို့ရှိယင် အလျှင်က အဓိဋ္ဌာန်တင်ထားတဲ့ သင်းပိုင်ရှိက အဟောင်းဖြစ်တဲ့ သင်းပိုင်ကိုပေါ့၊ ပစ္စုဒ္ဓိုရ်ပြုရတယ်၊ ပစ္စုဒ္ဓိုရ်ပြုတယ်ဆိုတာ—

"ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" လို့

ဆိုပြီး အလျှင်အဓိဋ္ဌာန်တင်ထားတာကို နုတ်ပစ်လိုက်တာပါပဲ၊

ပြီးတော့ကထိန်ခင်းမယ့် အသစ်ဖြစ်တဲ့ သင်းပိုင်ကို ကပ္ပဗိန္ဒုထိုးပြီးတော့—

"ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"လို့

ဆိုပြီးအဓိဋ္ဌာန်တင်လိုက်ရတယ်၊ အဲဒီလို အဓိဋ္ဌာန်တင်ပြီးတော့မှ အဲဒီသင်းပိုင်ကို ကထိန်ခင်းရတယ်၊ ခင်းတော့—

"ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"

လို့ခင်းတဲ့ပုဂ္ဂိုလ်ကဆိုပြီး ခင်းရတယ်။

ပြီးတော့မှ ခင်းတဲ့ ပုဂ္ဂိုလ်က မထေရ်ကြီးဖြစ်ယင်-

"အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ" ဟူ၍လည်းကောင်း၊

မထေရ်ငယ်ဖြစ်လျှင်-

> "အတ္တတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ" ဟူ၍လည်းကောင်း-

ဆိုပြီးတော့ အခြားသံဃာတွေ အနုမောဒနာပြုကြဖို့ရာ တိုက်တွန်းပေးရတယ်၊ အဲဒါ ပြီးတော့မှ ကျန်သံဃာတွေက ပုဂ္ဂိုလ်မထေရ်ကြီးဆိုလျှင်-

> "အတ္တတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ" ဟူ၍လည်းကောင်း၊

မထေရ်ငယ်များက-

> "အတ္တတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ" ဟူ၍လည်းကောင်း—

ဆိုပြီးတော့ အနုမောဒနာပြုကြရတယ်၊ အဲဒါ ကထိန်ခင်းခြင်း ကိစ္စပြီးသွားတာပါပဲ၊ ဒါတွေ ဝိနည်းမဟာဝါ ကထိနက္ခန္ဓကမှာ အပြည့်အစုံပါနေတာ ဖြစ်လို့ ခင်းကြတဲ့အခါ ကာလတိုင်း ဒီလိုခင်းကြတာပဲ ဖြစ်ပါတယ်၊ အဲဒါ သင်းပိုင်ကို ခင်းပုံပါပဲ၊ ကေသီဆိုလို့ရှိယင်—

ပစ္စုဒ္ဒိုရ်ပြုတဲ့အခါ—

"ဣမံ ဥတ္တရသင်္ဂံ ပစ္စုဒ္ဓရာမိ" ဟူ၍လည်းကောင်း၊
အဓိဋ္ဌာန်တင်တဲ့အခါ—

"ဣမံ ဥတ္တရသင်္ဂံ အဓိဋ္ဌာမိ" ၍ဟူလည်းကောင်း၊
ခင်းတဲ့အခါ—

"ဣမိနာ ဥတ္တရသင်္ဂေန ကထိနံ အတ္ထရာမိ" ဟူ၍လည်းကောင်း၊
နှစ်ထပ်သင်္ကန်းကြီးဆိုလျှင် ပစ္စုဒ္ဒိုရ်ပြုတဲ့အခါ—

ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ''ဟူ၍လည်းကောင်း၊

အဓိဋ္ဌာန်တင်တဲ့အခါ—

''ဣမံ သံဃာဋိံ အဓိဋ္ဌာမိ''ဟူ၍လည်းကောင်း၊

ခင်းတဲ့အခါ—

''ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ''ဟူ၍လည်းကောင်း

ဆိုပြီး ခင်းကြရပါတယ်၊ ကျန် ဆောင်ရွက်ရတဲ့ ကိစ္စတွေကတော့ အတူတူပါပဲ၊ သင်းပိုင်ခင်းစဉ်က ဆောင်ရွက်တဲ့အတိုင်း ဆောင်ရွက်ရပါတယ်၊ ကထိန်ခင်းကဲ့ ကိစ္စကတော့ ဒီလောက်ဆိုယင် ပြည့်စုံသွားတာပါပဲ။

ပိဏ္ဍပါတ်ဓုတင်ဆောင်တဲ့ ရဟန်းများမှာ အနာမန္တစာရ ဂဏဘောဇန အကျိုးအာနိသင်ကို ရဖို့ မလိုတော့ပါဘူး၊ ဘာပြုလို့လဲဆိုတော့ အဲဒီ ဓုတင်ဆောင်တဲ့ပုဂ္ဂိုလ်က အဲဒီဆွမ်းမျိုးကို မစားပဲ ဆွမ်းခံစားတဲ့ အကျင့်ကို ကျင့်နေလို့ပါပဲ၊ တိစီဝရိက်ဓုတင်မဆောင်တဲ့ ပုဂ္ဂိုလ်မှာလဲ အသမာဒါန စာရ အကျိုးကို မရပါဘူး၊ သူကတော့လဲ တိစီဝရိက်ဆောင်ထားခဲ့တာ မဟုတ်တော့ အစကထဲက ဒီတာဝန်ကင်းနေလို့ပါပဲ၊ ပြီးတော့ ပံ့သူကူ ဆောင်တဲ့ ရဟန်းမှာလဲ စီဝရပ္ပါဒ အကျိုးမရပါဘူး၊ အဲဒီပုဂ္ဂိုလ်ကလဲအစ ကထဲက ပံ့သူကူသင်္ကန်းမှတပါး အခြားသင်္ကန်း မသုံးဆောင်လို့ပါပဲ၊ ဒါကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌ ပိဏ္ဍပါတ်ဓုတင် မဆောင်သူအားသာ အနာမန္တစာရ ဂဏဘောဇန အကျိုးကိုရသည် ဟူ၍ လည်းကောင်း၊ တိစီဝရိက်အဓိဋ္ဌာန်တင်သော ရဟန်းအားသာ အသမာဒါန အကျိုးကို ရသည်ဟူ၍လည်းကောင်း၊ ပံ့သူကူမဆောင်သူအားသာ စီဝရုပ္ပါဒအကျိုး ကို ရသည်ဟူ၍လည်းကောင်း ဆိုထားပါတယ်။

ပြီးတော့ ဝိဘင်းပါဠိတော်တွင် စီဝရဒါနသမယ၌ ခွင့်ပြုထားသော ပရမ္ပရဘောဇန အကျိုးကိုလဲ ရနိုင်ပါသေးတယ်၊ ပရမ္ပရဘောဇဉ်

ဆိုတာ နောက်မှ ပင့်ဖိတ်ထားသူ၏ ဘောဇဉ်ကို ရှေးဦးစွာ စားလိုသင့်တဲ့ အာပတ်ပါပဲ၊ အဲဒီပရမ္ပရဘောဇန သိက္ခာပုဒ်ဖြင့် သင့်နိုင်တဲ့ အာပတ်လဲ မသင့်တဲ့ အကျိုးပါဝင်ပါတယ်၊ အဲဒါကလဲ ကထိန် အာနိသင်ထဲမှာ တိုက်ရိုက်မပါပေမယ်လို့ အခုလို စီဝရကာလမှာ သူလဲရောပြီးတော့ ပါဝင် လာပါတယ်၊ အဲ စီဝရကာလမှာ အကျိုး ၆–ပါး။

## အခင်းမပြောက်တဲ့ သက်န်းတွေ

ကထိန်အခင်းမပြောက်တဲ့ သက်န်းတွေဆိုတာ ၂၄–မျိုးတောင်ပဲ၊ အဲဒါ တွေကိုတော့ ဒီမှာပြောနေလို့ မဖြစ်ပါဘူး၊ ဝိနည်းမဟာဝါ အဋ္ဌကထာမှာ ကြည့်ကြပါလို့ ညွှန်ပြလိုပါတယ်၊ သူ့ဟာက အင်မတန် များလဲများ၊ ပြောရမှာတွေကလဲ ရှည်လျားတာပဲ၊ အခုခင်းနေတဲ့ သက်န်းတွေဟာ ချုပ်တဲ့ ဆိုးတဲ့ဆိုင်တွေကိုက နားလည်ပြီးသား ဖြစ်နေကြတာ ဖြစ်လို့ ကထိန်ခင်းအပ်တဲ့ သက်န်းတွေသာ ဖြစ်ဖို့ရှိပါတယ်။

## အခင်းပြောက်တာတွေက (၁၇)ပါး

အခင်းပြောက်တာတွေကလဲ (၁၇)မျိုး၊ သူလဲပြောစရာတွေများတာပဲ၊ ကထိန်နဲ့သိမ်ဆိုတာ သံဃာ့ကိစ္စတွေနဲ့ သံဃာ့ဝိနည်းနဲ့ စပ်နေတာဖြစ်လို့ ဆောင်ရွက်တဲ့အခါကာလမှာ သတိကြီးကြီး ထားပြီးတော့ စိစစ်ကြရတယ်၊ မြတ်စွာဘုရားကို ရိုသေလေးစားသကဲ့သို့ မြတ်စွာဘုရား ဟောကြား ပညတ်တဲ့ သိက္ခာပုဒ်တွေကိုလဲ ရိုသေလေးစားကြရပါတယ်။

မြတ်စွာဘုရားသာသနာတော်မှာ နေကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတိုင်း မြတ်စွာဘုရား ဟောကြားထားတဲ့ တရားတော်တွေကို ရိုရိုသေသေ လေးလေးစားစားနဲ့ လိုက်နာပြီးတော့ မိမိတို့ ရသင့် ရထိုက်တဲ့ မဂ်,ဖိုလ်, နိဗ္ဗာန်ကို လျင်လျင်မြန်မြန်နဲ့ရအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ–

သာဓု သာဓု သာဓု